## မြန်မာနိုင်ငံ လက်ရှိနိုင်ငံရေးအပြောင်းအလဲကာလတွင် နယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ်ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲမှ သတင်းထုတ်ပြန်ကြေငြာချက်

၂၀၁၆ ခုနှစ် မေလ ၁၁ရက်

*နယ်စပ်အခြေစိုက် အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပွဲ ဖြစ်မြောက်ရေးကော်မီတီမှ* **ထုတ်ပြန်**သည်။

လက်ရှိ နိုင်ငံရေးအပြောင်းအလဲကာလတွင် နယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အရပ်ဘက်လူထုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင် ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် မေလ ၇ ရက် နေ့ မှ မေလ ၉ ရက် နေ့ အထိ ထိုင်း-မြန်မာ နယ်စပ်တစ်နေရာတွင် လူထုအခြေပြု အဖွဲ့အစည်းပေါင်း ၂၀ မှ ကိုယ်စားလှယ်စုစုပေါင်း ၅၆ ဦးဖြင့် ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ ဦးသိန်းစိန်အစိုးရ ထံမှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဦးဆောင်သောအစိုးရမှ အာဏာလွှဲပြောင်းယူပြီးနောက် ဖြစ်နိုင်ချေနိုင်ငံရေးအလား အလာများ၊ တိုင်းရင်းသားဒေသများအလိုက် အပြောင်းအလဲအခြေအနေများ၊ လက်ရှိအစိုးရလက်ထက် နိုင်ငံရေး အခြေအနေန ှင့် ဖြစ်ပေါ်လာနိုင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ် အလားအလာများအပေါ် ဆွေးနွေးသုံးသပ် ဖလှယ်ခဲ့ကြသည်။

၎င်းနောက် အသွင်ကူးပြောင်းရေးကာလတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဖော်ဆောင်ရေး ဖြစ်စဉ်နှင့် လုပ်ငန်းစဉ်များ၌ နယ်စပ်အခြေ စိုက် အဖွဲ့အစည်းများအနေဖြင့် ပါဝင်လုပ်ဆောင်နိုင်မည့်ဖြစ် သော လူ့အခွင့်အရေး ၊ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ရေး၊ သယံဇာတရယူအသုံးပြုမှုနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ ဖက်ဒရယ်ရေးရာ၊ ရွှေ့ပြောင်းအလုပ်သမား များနှင့်ပညာရေးကဏ္ဍ၊ စစ်ရှောင်ဒုက္ခသည်များ ပြည်တွင်းရွှေ့ပြောင်း ပုန်းအောင်းနေရသူ များ အရေးနှင့် တိုင်းရင်း သား မီဒီယာဖွံ့ဖြိုးတိုးတက်မှု စသည်ဖြင့် ကဏ္ဍ (၈) ခု ကိုသတ်မှတ်ခဲ့ကြသည်။ အဆိုပါ အခန်းကဏ္ဍများအလိုက်စိန်ခေါ်မှုများ၊အခွင့်အလမ်းများနှင့် လုပ်ဆောင်လိုသည့် ကိစ္စရပ်များ အတွက် ဖြစ်နိုင်ချေအလားအလာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဦးဆောင်သည့်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ထံသို့လည်း ဤကဏ္ဍ များအပေါ် အခြေခံသော အဆိုပြုချက်များ တင်ပြသွားရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

"အစိုးရသစ်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ ကျမတို့ရဲ့ အဆိုပြုတင်ပြချက်တွေကို နွေးထွေးတဲ့တုံ့ပြန်မှုတွေနဲ့ ကြိုဆိုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလလုပ်ငန်းစဉ်တွေမှာ ထည့်သွင်းစဉ်းစားပေးကြလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု အစည်းအဝေးဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး ဂျူလီယာမရစ်ပ်မှ ပြောကြားသည်။

ဆက်သွယ်ရန်

၁) ဂျူလီယာ မရစ်ပ် (အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)) +၆၆ (၀) ၉၃ ၂၂၈ ၄၇၃၀
၂) စောဂျက်ပစီ (မြန်မာနိုင်ငံ ကျောင်းသားနှင့် လူငယ်များ ကွန်ဂရက်) +၆၆ (၀) ၈၁ ၀၄၂ ၈၃၉၈
၃) မခင်ဥမ္မာ (မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများအဖွဲ့) +၆၆ (၀) ၈၁ ၈၈၄ ၀၇၇၂